## ငါးမွေးမြူခြင်း ယာယီလိုင်စင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားသူကာယကံရှင်မှ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) ငါးမွေးမြူခြင်းလိုင်စင်လျှောက်လွှာ(သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ)

(ခ ) လယ/၃၀ ခွင့်ပြုမိန့် သို့မဟုတ် မြေစာရင်းပုံစံ-၁၀၅

(ဂ ) ငါးမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိကြောင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ထောက်ခံချက်

(ဃ) သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်

(င ) ငါးမွေးမြူရေးကန်ဓါတ်ပုံ

(စ ) မှတ်ပုံတင်မိတ္တူ

(ဆ) သန်းခေါင်စာရင်းမိတ္တူ

**၂။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ကာယကံရှင်မှ လျှောက်ထားလာသောလျှောက်လွှာကို အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးပြီးအမှုတွဲဖွင့်လှစ်ရပါမည်။

(ခ ) လျှောက်ထားသော ငါးမွေးမြူရေးကန်သည် အင်းချောင်းနယ်နိမိတ်အတွင်း ပါဝင်ခြင်းရှိ/မရှိ စစ်ဆေး၍ အင်းချောင်းနယ်မြေတွင် မပါဝင်ကြောင်း ထောက်ခံတင်ပြခြင်း။

(ဂ ) သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုရှိ/မရှိ စိစစ်ရန်။

(ဃ) စိစစ်ပြီးအမှုတွဲအား ပြည့်စုံမှန်ကန်မှုရှိပါက တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီး ဌာနသို့ ထောက်ခံတင်ပြရန်။

**၃။ ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသောအမှုတွဲပြည့်စုံမှုရှိ/မရှိစိစစ်ရန်။

(ခ ) လျှောက်ထားလာသော ငါးမွေးမြူရေးကန်သည် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပါ က ပြည်နယ်ဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေး ဘဏ်တွင် ကျသင့်သော လိုင်စင်အခွန်ငွေပေးသွင်းခွင့်ပြုရန်။

(ဂ ) အခွန်ငွေပေးဆောင်ပြီးကြောင်း အထောက်အထားများတင်ပြလာမှသာလျှင် ငါးမွေးမြူရေးကန် ယာယီလိုင်စင်ထုတ်ပေးရန်။